# စစ်တပ်အနေဖြင့် သွေးထွက်သံယိုနှိပ်ကွပ်သည့်နည်းလမ်းကိုစွန့်လွှတ်ရန် ဗိုလ်မှူးချုပ်ကျော်ဇောတိုက်တွန်း
၃ ဒီဇင်ဘာ ၂၀၀၇

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကျပ်အတည်းတွေကို တွေ့ဆုံဆွေးနွေးပြီးအဖြေရှာဖို့နဲ့ စစ်တပ်အနေနဲ့ တိုင်းပြည်ရဲ့ ပြဿနာတွေကို အဖြေရှာတဲ့အခါ သွေးထွက်သံယိုဖြေရှင်းတဲ့ နည်းလမ်းတွေကို မသုံးဘို့ ဒီနေ့ ၈၈ နှစ်ပြည့်ပြီဖြစ်တဲ့ မြန်မာ့တပ်မတော်ကို ဖွဲ့စည်းတည်ထောင်သူတွေထဲက တဦးဖြစ်တဲ့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက ပန်ကြားလိုက်ပါတယ်။ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော်ရဲ့ မွေးနေ့အမှတ်တရ ပန်ကြားချက်နဲ့ပတ်သက်လို့ ကိုရော်နီငြိမ်းက တင်ပြထားပါတယ်။

ခေတ်သစ်ဗမာ့တပ်မတော်ကို စတင်တည်ထောင်ခဲ့သူ ရဲဘော်သုံးကျိပ်ထဲက သက်ရှိထင်ရှားကျန်နေသူ ၂ ဦးထဲမှာ တဦးဖြစ်တဲ့ အငြိမ်းစားဗိုလ်မှူးချုပ်ကျော်ဇောဟာ ဒီနေ့ ဒီဇင်ဘာ ၃ ရက်နေ့မှာ အသက် ၈၈ နှစ် ပြည့်မြောက်ခဲ့ပါပြီ။ တရုတ်နိုင်ငံမှာနေထိုင်နေတဲ့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောက သူ့ရဲ့မွေးနေ့အထိမ်းအမှတ်အဖြစ် ပြည်သူနဲ့တပ်မတော်ကို အမှာစကား အခုလိုပါးလိုက်ပါတယ်။

> "ကျနော်တို့ပြည်သူတွေ စုစုစည်းစည်း၊ ဇွဲနဘဲကြီးစွာနဲ့ မိမိတို့လိုလားတဲ့ ဒီမိုကရေစီခရီးတရပ်ကို ရောက်ဖို့၊ မိမိတို့ဘဝလွတ်မြောက်ဖို့ တဗိုလ်ကျ၊ တဗိုလ်တက်စနစ်နဲ့ စဉ်ဆက်မပြတ် ကြိုးစားနေမှုအပေါ် ကျနော် သိပ်ဂုဏ်ယူပါတယ်"

ပြည်သူတွေဟာ စစ်အာဏာရှင်စနစ်ကို တွန်းလှန်ရာမှာ တဗိုလ်ဆင်း၊ တဗိုလ်တက် လုပ်သွားတာကို လေးစားတဲ့အကြောင်း ချီးကျူးပြောဆိုသွားပြီး တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တွေကို ဗိုလ်မှူးချုပ်ကျော်ဇောက သဘောထားကြီးကြီးထားဖို့၊ အတိတ်ကို အတိတ်မှာပဲထားလိုက်ပြီး ပြည်သူတွေနဲ့အတူ စည်းစည်းလုံးလုံးရှိဖို့ကိုလည်း မှာကြားသွားပါတယ်။

တပ်မတော်ကို ဗိုလ်မှူးချုပ်ကျော်ဇော အထူးမှာကြားသွားတာကတော့ ပြည်သူလူထုအပေါ် နှိပ်စက်ညှဉ်းပန်းမှုတွေနဲ့ မသင့်မလျော်လုပ်ခဲ့တာတွေကို ရပ်ဆိုင်းပြီးတော့ ပြည်သူတွေရဲ့ မုန်းတီးရွံရှာနာကျည်းမှုမခံရအောင် သွေးထွက်သံယိုနှိပ်ကွပ်တဲ့နည်းလမ်းကို စွန့်လွှတ်ဖို့နဲ့ တွေ့ဆုံဆွေးနွေးရေးနဲ့သာ တိုင်းပြည်ကို လမ်းမှန်ပေါ် ပြန်ရောက်အောင် ဆောင်ရွက်ပါလို့ တိုက်တွန်းပြောကြားသွားပါတယ်။

ဒီကနေ့မှာကျရောက်ခဲ့တဲ့ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောရဲ့ ၈၈ နှစ်မြောက် မွေးနေ့ပွဲကိုတော့ မိသားစုဝင်တွေ၊ မိတ်ဆွေအပေါင်းအသင်းအချို့နဲ့ အကျဉ်းရုံးပြီးတော့ပဲ ကျင်းပခဲ့တယ်လို့ သမီးဖြစ်သူ ဒေါက်တာလှကျော်ဇောက ဗွီအိုအေကို ပြောပြခဲ့ပါတယ်။

> "ဦးအောင်ကျော်ဇောက ရွှေလီဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ပါတယ်။ ကျမတို့ ဒီမှာတော့ မိသားစုဝင်တွေနဲ့ မိတ်ဟောင်းဆွေဟောင်းတွေနဲ့ စုဝေးပြီးတော့ ဟိုတယ်လေးတခုမှာ ထမင်းစားပွဲလေးတခု သွားလုပ်ပါတယ်။ အခမ်းအနားဖြစ်ရုံ၊ ခပ်ကျဉ်းကျဉ်းပါပဲ။ ဖေဖေကတော့ သူစိတ်မကောင်းတာကတော့ သူ့တိုင်းသူပြည်သားတွေ အခုချိန်ထိ မလွတ်မြောက်သေးတာ၊ ဆင်းရဲတွင်းနက်နေတာအပေါ် သူတာဝန်မကျေဘူးဆိုပြီးတော့ စိတ်မကောင်းရှာပါဘူး"

ဗမာ့တပ်မတော်ကိုတည်ထောင်ခဲ့တဲ့ ရဲဘော်သုံးကျိပ်ထဲက သက်ရှိထင်ရှားရှိနေသူတဦးဖြစ်တဲ့ အငြိမ်းစားဗိုလ်မှူးချုပ်ဟောင်းကျော်ဇောရဲ့ မွေးနေ့ဟာ ဒီနေ့ဖြစ်ပါတယ်။